နွေဦးအသံ
the voice of spring
3.6.2021 · Thursday · No . 59 · Daily News Pamphlet

## ယခုအပတ်အတွင်း အာဆီယံဥက္ကဋ္ဌနှင့် အတွင်းရေးမှူးချုပ်တို့(၂)ဦး မြန်မာနိုင်ငံသို့လာရောက်ဖို့ရှိဟုသိရ

သတင်းတို့ ရင်းမြစ် – RFA မှ

## အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့ပူးပေါင်းပြီး မြန်မာ့အရေးကိုအဖြေရှာကြဖို့ IFFIS နိုင်ငံတကာအဖွဲ့ကတိုက်တွန်း

သတင်းတို့ ရင်းမြစ် – PVTV မှ

## အကြမ်းဖက်စစ်အုပ်စု၏ ဖိနှိပ်မှုအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာရသည့် ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လိုအပ်သောနေရာများ၌ ခိုလှုံရာစခန်းများ တည်ဆောက်နိုင်ရန် မြန်မာငွေကျပ်သိန်း(၁၁၀) ခန့်ကို NUG လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့ခဲ့ဟုသိရ

သတင်းတို့ ရင်းမြစ် – NUG မှ

## ပြောက်ကြားသပိတ်နှင့် သံပုံးတီးသပိတ်စစ်ကြောင်းများကို နေရာအနှံ့၌ နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ







ဇွန်လ(၂)ရက်၊ လူအင်အားထောင်ချီသောဆားလင်းကြီးမြို့ ရွာပေါင်းစုံသပိတ်နှင့် ဖားကန့်၊ တာမခန်မြို့၌ ပြုလုပ်ခဲ့သည့် သံပုံးတီးသပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## စစ်လက်နက် ထုတ်လုပ်ရေး လည်ပတ်စေရန်ဟုဆိုကာ ငွေကျပ်သိန်းပေါင်း ခြောက်သောင်းခန့်ကို ဗဟိုဘဏ်မှ တလုံးတခဲတည်း စစ်အုပ်စု လျှို့ဝှက်ထုတ်ယူခဲ့ဟုသိရ

သတင်းတို့ ရင်းမြစ် – ခေတ်သစ် မှ

## မြဝတီမြို့နယ်၊ ဖလူးကျေးရွာတိုက်ပွဲ၌ စစ်အုပ်စုဘက်မှ (၃၀)ကျော်ခန့် သေဆုံးခဲ့ဟု DKBA ခွဲထွက်အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးစောကျော်သက်က အတည်ပြုပြောကြား

သတင်းတို့ ရင်းမြစ် – မြန်မာနောင်း မှ

## ကန်ပက်လက်၌ CDF နှင့် စစ်အုပ်စုတို့ တိုက်ပွဲများ ဖြစ်ပွားနေပြီး ပြည်သူများ မြို့လုံးကျွတ်ထွက်ပြေးနေကြဟုသိရ

သတင်းတို့ ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စုရွေးကော်မှ ပြည်ထဲရေးသို့ ပါတီများ စိစစ်ရန် စာပို့ပြီး NLD ပါတီကို အပြီးဖျက်သိမ်းရန် စတင်ကြိုးပမ်း

သတင်းတို့ ရင်းမြစ် – ခေတ်သစ် မှ

## အခြေခံပညာကျောင်းများကို စစ်အုပ်စုက ပြန်ဖွင့်ခဲ့သော်လည်း တက်ရောက်သူကျောင်းသားဦးရေ အလွန်နည်းပါးပြီး လူသူကင်းမဲ့သည့်ကျောင်းများစွာရှိ

သတင်းတို့ ရင်းမြစ် – မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၁)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၁ ဦး
အဖမ်းဆီးခံရသူဦးရေ- ၅၅၇၆ ဦး
ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၁ ဦး

ရင်းမြစ် – အေအေပီပီမ

the voice of spring
3.6.2021 · Thursday · No . 59 · Daily News Pamphlet

# သတင်းမှတ်စု

ရင်းမြစ်-မဇ္ဈိမ

ဇွန်လ(၂)ရက်၊ ၂၀၂၁

- မန်း၊ မစိုးရိမ်တိုက်သစ် သံဃာတော်များက ပရိတ်ရွတ်ဖတ်ပူဇော်ချိန်တွင် စစ်အုပ်စုက ရောက်လာကာ ဆဲဆို ခြောက်လှန့်ပစ်ခတ်ခဲ့ပြီး သံဃာအချို့ ထိခိုက်ခဲ့ရပြီး ဖမ်းဆီးခံရမှု မရှိခဲ့ဟုသိရ။
- ဖလူးမြို့၌ DKBA ခွဲထွက် ဗိုလ်ကျော်သက်နှင့် ဒေသခံ PDF တပ်ဖွဲ့များက စစ်အုပ်စုကို တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ (၂၉)ဦးနှင့် BGF မှ (၃)ဦး သေဆုံးခဲ့ပြီး စစ်အုပ်စုပစ်ခတ်သည့် လက်နက်ကြီးကျည်သည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ မြန်မာစစ်ဘေးရှောင်များ ရှိရာသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ထိုင်းစစ်သား(၁)ဦးနှင့် စစ်ဘေးရှောင်(၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ဟုသိရ။
- စစ်အုပ်စုက မြို့တွင်းတိုက်ပွဲများ ဖြစ်လာပါက ၎င်းတို့ကို ကူညီရန်အတွက် ရန်ကုန်မြို့ပေါ်ရှိ အရေးပေါ်ကူညီရေးအဖွဲ့များ ထံမှ လူစာရင်းတောင်း၍ လူ(၃၀)ရွေးချယ်ထားပြီး ဝတ်စုံနှင့် ပစ္စည်းကိရိယာများအပြင် ရွေးချယ်ခံရသည့်အဖွဲ့မှ ကားလိုအပ်ပါက ကားများပေးရန် စီစဉ်လျက်ရှိဟုသိရ။
- မန္တလေး၊ မနော်ဟာရီလမ်းမကြီးနှင့် (၅၆) လမ်းထောင့်ရှိ လေးမျက်နှာ ဘုရားဝန်း၌ ဇွန်(၁)ရက်၊ ည(၈:၄၅)မိနစ်ခန့်က တပ်စွဲထားသည့် စစ်အုပ်စုကို လက်ပစ်ဗုံး ပစ်သွင်းခဲ့သဖြင့် စစ်သားတဦး သေဆုံးခဲ့ပြီး






စစ်သားများက လမ်းသွားလမ်းလာနှင့် ဆိုင်ကယ်များကို တားဆီးစစ်ဆေးရာ မရပ်ပေးဘဲ မောင်းပြေးသည့် ဆိုင်ကယ်တစီးကို ပစ်ခတ်ခဲ့ရာ ပြည်သူတဦး ကျဆုံးခဲ့ရပြီး (၂) ဦးကို ဖမ်းဆီးခဲ့ဟုသိရ။

- ပြည်မြို့တစ်ဖက်ကမ်း ဥသျှစ်ပင်မြို့၌ ဒလံတဦး၏ကားဝပ်ရှော့၌ ဇွန်(၁)ရက်၊ ည(၁၀) နာရီက ပေါက်ကွဲမှု ဖြစ်ပွားရာ ကိုမင်းမင်းဦးဆိုသူကို စစ်အုပ်စုက လိုက်လံဖမ်းဆီးနေပြီး မတွေ့သဖြင့် အသက်(၆၀)ကျော်အရွယ် မိခင်နှင့် အသက်(၄၀)အရွယ် ဇနီးတို့ကို မတရား ဖမ်းဆီးခဲ့ဟုသိရ။
- မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၌ ဇွန်(၁)ရက်၊ ည(၁၀:၂၀)ခန့် ၊ (၁၂၅) လမ်းရှိ သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၌ ဇွန်(၂)ရက်၊ နံနက်(၃)နာရီခန့်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- ရွှေပြည်သာမြို့နယ်၊ (၁၀) ရပ်ကွက်၊ ကော့သောင်းလမ်း၌ နေထိုင်သည့် စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးလှမျိုးနေအိမ်၌ နေ့လယ် (၂) နာရီ ခန့်က ပေါက်ကွဲမှု ဖြစ်ပွားပြီး ထိခိုက်မှု မရှိခဲ့ဟု သိရ။
- မဟာအောင်မြေမြို့နယ်၊ လမ်း ၄၀ (၇၉ နှင့် ၈၀) ကြား၌ ဇွန်(၁)ရက်၊ ည(၆)နာရီခွဲခန့်က စစ်ကျွန်အုပ်ချုပ်ရေးမှူးအိမ်ရှေ့၌ လက်လုပ်ဗုံးပေါက်ကွဲရာ ထိခိုက် ဒဏ်ရာရရှိခဲ့ဟုသိရ။
- ပဲခူးမြို့၊ အ.ထ.က(၆)ကျောင်းအနီး၌ နေ့လယ်(၁၁)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ခဲ့။
- တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်ရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းမှာ နံနက်(၇) နာရီခွဲခန့်က သေနတ် ပစ်ခံရ၍ သေဆုံးခဲ့ပြီး တန့်ဆည် ပြည်သူ့ရဲဘော်အဖွဲ့က သူတို့ လုပ်ခဲ့ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ခဲ့။
- ယင်းမာပင်မြို့နယ်၊ မုံရွာ-ကလေးဝ-ပုသိမ် လမ်းခွဲအနီးရှိ အောင်ဇေယျဈေး၌ နံနက်(၉)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူသူကင်းမဲ့နေသည့် ယင်းမာပင်မြို့ အ.ထ.က ကျောင်းဝင်း အတွင်း၌လည်း နံနက်(၁၀) နာရီခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ဟုသိရ။
- မန္တလေး၊ တပ်ပေါင်းစု၊ အောင်ပင်လယ်၊ အောင်မြေသာစံ၊ ရတနာပုံ၊ တကသ၊ သံဃသမဂ္ဂ။ မြင်းခြံ။ မိုးကုတ်။ ညောင်ဦး။ မုံရွာ။ ရွှေဘို၊ ဆိတ်ခွန်ကျေးရွာ။ အောင်လံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံ နှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြို၊ တီဇစ်ကျေးရွာများ။ သရက်ချောင်းမြို့နယ်၊ ဥတ္တိုကျေးရွာ။ မြိတ်။ ဖားကန့် မြို့၊ တာမခန်၊ အေးမြသာယာ။ ရှမ်း- နမ့်ခမ်းမြို့ စသဖြင့် မြို့အသီးသီး၌လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။

## သွေး ကြွေး

ငါတို့ အနာဂတ်ပြန်ပေး
ငါတို့ နိုင်ငံတော်ပြန်ပေး
လူငယ် လူကြီး
ခရီးတူစွာ
ညီညာဟစ်ကြွေးခဲ့ကြတယ်။

ကျည်အစစ်နဲ့
ချစ်ရသူတွေ ပန်းလိုကြွေခဲ့
သွေးရင်းတူတွေ ကြယ်လို ကြွေခဲ့။

ဘယ်တော့မှ မအေးတဲ့
အဲဒီသွေးကြွေး
မနှေးအမြန်
မင်းတို့
ပြန်ပေးဆပ်ရမယ်။ ။

လကျ်ာဇ

### The Voice Of Spring Cartoon




**အရေးတော်ပုံ မုချ အောင်ရမည်**




ဇွန်လ(၂)ရက်၊ မြိုင်၊ သမင်အုပ်ရွာ၌ ကျောင်းသားလူငယ်များ၏ ကျေးရွာသပိတ်စစ်ကြောင်းတခုကို တွေ့မြင်ရစဉ်-(ဓါတ်ပုံ-CJ)

### နွေဦးစကား ဒို့ပြောကြား

"လမ်းပေါ်ထွက်ရမှာကို ကြောက်နေတာလား၊ ကြွေလွင့်ကျဆုံးခဲ့ရသူတွေကို အားနာပါဦး"